# 3 Squares VT

ဗားမောက် အာဟာရကူညီထောက်ပံ့ဖြည့်ဆီးပေးရေး အစီအစဉ်

(ယခင်က အစားအစာ တံဆိပ်ခေါင်းများ)

## အခြားနိုင်ငံများမှ ရွှေ့ပြောင်းလာရောက်နေထိုင်သူများအတွက် မေးခွန်းများနှင့်အဖြေများ

**အကယ်၍ ကျနော်/ကျမ သည် 3 SquaresVT အကျိုးခံစားခွင့်ရရှိပါက Green Card ရရှိရန် ပြသနာများရှိနိုင်ပါသလား။**

မရှိနိုင်ပါ။ 3SquaresVT အကျိုးခံစားခွင့် သို့မဟုတ် ငွေကြေးမဟုတ်သည့် အခြားမည်သည့်အကူအညီ ဖြစ်စေ သင် green card လျှောက်ထားခြင်းအား ထိခိုက်စေမည်မဟုတ်ပါ။

**အကယ်၍ ကျနော်/ကျမ သည် 3SquaresVT အကျိုးခံစားခွင့် လျှောက်ထားနိုင်သည့်သူ မဖြစ်ခဲ့လျှင် ကျနော်/ကျမ၏ သားသမီးများ 3SquaresVt  အကျိုးခံစားခွင့် ရရှိနိုင်ပါသလား။**

ရနိုင်ပါသည်။ အကယ်၍သင်သည် မည်သည့်အထောက်အထားမျှ မရှိသူ သို့မဟုတ် 3SquaresVT အကျိုးခံစားခွင့် လျှောက်ထားနိုင်သူ မဟုတ်စေကာမူ ဥပဒေအရ ရွှေ့ပြောင်းအခြေချ နေထိုင်သည့်ကလေးငယ်များတွင် အကျိုးခံစားခွင့် ရှိပါသည်။ အကယ်၍ သင်သည် ကလေးငယ်များကိုယ်စား 3SquaresVT အကျိုးခံစားခွင့် လျှောက်ထားပါက သင်၏လူမှုလုံခြုံရေး နံပါတ် သို့မဟုတ် သင်၏ပြောင်းရွှေ့နေထိုင်သည့် အနေအခြေနှင့် သက်ဆိုင်သည့် မေးခွန်းများအား ဖြေဆိုရန် မလိုပါ။ သို့သော်ငြားလည်း သင့်ဝင်ငွေနှင့် ဝင်ငွေရနေသည့် နည်းလမ်းများနှင့် ပတ်သက်သည့် အချက်အလက်များအား ပြောပြရမည်ဖြစ်သည်။

**အကယ်၍ ကျနော်/ကျမ သည် 3SquaresVT လျှောက်ထားခဲ့ပါက ကျနော်/ကျမနှင့်အတူတကွ နေထိုင်သူများသည် ၎င်းတို့၏ ရွှေ့ပြောင်းနေထိုင်ခြင်းနှင့်ပတ်သက်သည့် မေးခွန်းများအား ဖြေဆိုရမည်လား။**

3SquaresVT အကျိုးခံစားခွင့် လျှောက်ထားသူများသာလျှင် ယင်းတို့၏ ရွှေ့ပြောင်းနေထိုင်ခြင်း အခြေအနေများနှင့် ပတ်သက်သည့် မေးခွန်းများအားဖြေဆိုရမည်ဖြစ်သည်။ 3SquaresVT မလိုချင်သည့် တအိမ်ထဲအတူနေထိုင်နေသူများသည် ၎င်းတို့၏ ပြောင်းရွှေ့နေထိုင်ခြင်း အခြေအနေနှင့်ပတ်သက်သည့် စာရွက်စာတမ်းများ သို့မဟုတ် ယင်းတို့၏ လူမှုလုံခြုံရေး နံပါတ်များအား တင်ပြရန် မလိုသော်လည်း ယင်းတို့၏ ဝင်ငွေနှင့် ဝင်ငွေရနေသည့် နည်းလမ်းများနှင့် ပတ်သက်သည့် အချက်အလက်များအား တင်ပြရမည်ဖြစ်သည်။

**အကယ်၍ ကျနော်/ကျမသည် ရွှေ့ပြောင်းနေထိုင်ခြင်းဆိုင်ရာ အခြေအနေနှင့် သက်ဆိုင်သည့် မေးခွန်းများအား ဖြေဆိုရန် ငြင်းဆန်ခဲ့လျှင် ကလေးသူငယ်များဆိုင်ရာဌာန (Department for Children) နှင့် မိသားစုစီးပွားရေးဆိုင်ရာဝန်ဆောင်မှုဌာနစိတ်( Families Economic Services Division) တို့မှ ရွှေ့ပြောင်းခြင်းနှင့်အကောက်ခွန်ဆိုင်ရာဌာန (Immigration & Customs Enforcement) သို့တိုင်ကြားနိုင်ပါမည်လား။**

မတိုင်ကြားနိုင်ပါ။ အကယ်၍ သင်၏ရွှေ့ပြောင်းနေထိုင်ခြင်းဆိုင်ရာ အခြေအနေနှင့် သက်ဆိုင်သည့် မေးခွန်းများအား သင်မဖြေဆိုလိုလျှင် DC နှင့် ESD တို့သည် အခြားတစုံတယောက်ထံမှ သင့်သတင်းအချက်များအား ရယူခွင့် မရှိပါ။ ထိုဌာနများသည် ICE သို့ တင်ပြတိုင်ကြားလိမ့်မည်မဟုတ်ပါ။ သို့သော် သင်သည့်မည်သည့်အထောက်အထားမျှရှိသူ မဟုတ်ဟု အထောက်အထားရှိပါက ထိုဌာနများအနေဖြင့် ICE သို့ အကြောင်းကြားရမည်ဖြစ်သည်။

**3SquaresVT အကျိုးခံစားခွင့် လျှောက်ထားရန် အတွက် စကားပြန်/ဘာသာပြန် တယောက်အား အကူအညီတောင်းနိုင်ပါမည်လား။**

ရပါသည်။ အကယ်၍ သင်၏ DCF/ESD လုပ်သားနှင့်သင် ပြောဆိုဆက်သွယ်ရန် လိုအပ်ပါက စကားပြန်တဦးအား သင်အကူအညီ တောင်းနိုင်ပြီး ထိုအတွက် ကုန်ကျစာရိတ်အား ESD မှ ပေးဆောင်ပါလိမ့်မည်။

**ကျနော်/ကျမသည် 3SquaresVT အားလျှောက်ထားခဲ့ပြီး ငြင်းဆန်ခံခဲ့ရပါက မည်ကဲ့သို့ ဆက်လက်လုပ်ဆောင်ရမည်နည်း။**

အကယ်၍ သင်သည် 3SquaresVT အကျိုးခံစားခွင့် လျှောက်ထားနိုင်ခွင့်ရှိသူဟု သင်ယူဆပါက ESD ၏ ဆုံးဖြတ်ချက်အား သင်တောင်းဆိုနိုင်သည်။ ရက်ပေါင်း ၉၀ အတွင်း ESD ရုံးသို့ စာဖြင့်သော်လည်းကောင်း ဖုန်းခေါ်ဆိုခြင်းဖြင့်လည်းကောင်း တောင်းဆိုလျှောက်ထားနိုင်ပါသည် (စာရေးသားခြင်းသည် အကောင်းဆုံးဖြစ်သည်)။ ဥပဒေရေးရာနှင့်ပတ်သက်သည့် ဗားမောက် ဥပဒေရေးရာ အကူအညီ သို့ ဥပဒေရေးရာ အကျိုးဆောင်များ မှ သင်နှင့် ပြောဆိုဆက်သွယ်ရန် ရှေ့နေသို့မဟုတ် ဥပဒေရေးရာ အရာရှိတဦးအားစေလွှတ်လာပါလိမ့်မည်။

**အကယ်၍သင့်တွင် အကူအညီ သို့မဟုတ် မေးခွန်းများရှိခဲ့ပါလျှင်**

**ဗားမောက် ဥပဒေရေးရာ အကူအညီ ၁-၈၀၀-၇၆၉-၇၄၅၉ သို့ ကျေးဇူးပြု၍ ဆက်သွယ်ပါ။**

Vermont Campaign to End Childhood Hunger

ဤသတင်းလွှာအား အခွင့်အရေးညီတူညီမျှရရှိရန်
ထောက်ပံ့ကူညီသည့် USDA မှ ရန်ပုံငွေတချို့ ထည့်ဝင်ပါသည်။
4/10/09

VERMONT
DEPARTMENT FOR CHILDREN AND FAMILIES
ECONOMIC SERVICES DIVISION